အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅ ။)

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အဆိပ်များအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော 'with fine which may extend to one thousand kyats,' ဆိုသည့် စကားရပ်ကို 'with fine which may extend to five hundred thousand kyats,' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အဆိပ်များအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၈) တွင် -

(က) ပုဒ်မခွဲငယ် (၁) ၌ ပါရှိသော 'with fine which may extend to five hundred kyats,' ဆိုသည့် စကားရပ်ကို 'with fine which may extend to three hundred thousand kyats,' ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

(ခ) ပုဒ်မခွဲငယ် (၂) ၌ ပါရှိသော 'with fine which may extend to one thousand kyats,' ဆိုသည့် စကားရပ်ကို 'with fine which may extend to five hundred thousand kyats,' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်